
ဇေယနု
(ရာမည)
အောင်မြတ်သာနှင့်
လက်ခမောင်းဘကျော်

အောင်မြတ်သာလည်း သက်ခိုင်တို့ နဲ့ ချိန်းထားတဲ့ အချိန်က ပြည့်တော့မှာ မို့လို့ မုဆိုးထိုင် စေတီရှိရာကို ပြန်ထွက် လာခဲ့လိုက်တယ်။

ခြေဖဝါး သုံးတောင်ကို ဆုံမဲ့ အချိန်မှာ သက်ခိုင်တို့ ကို မခေါ်ခဲ့တာကလည်း စဉ်းစားစရာ အကြောင်းအရာ တစ်ခု ဖြစ်နေခဲ့တယ်။

ခရီးဆက်လာရင်း တစ်နေရာ ရောက်မှာ တော့ လူတွေ ဝိုင်းအုံနေတဲ့ နေရာတစ်ခုကို မြင်လိုက်ရတယ်။ အောင်မြတ်သာလည်း မိမိ ဦးတည်ရာကိုသာ သွားဖို့ ဆုံးဖြတ်ရင်း ဆက်လျှောက်လာခဲ့ရာ လူအုပ်ကြီး အကျော်ကိုလည်း ရောက်ရော အနောက်ကနေ တစ်စုံ တစ်ယောက်က လွယ်အိတ်ကို လှမ်းဆွဲ လိုက်သလို ဖြစ်လို့ လှည့်ကြည့်လိုက်ရာ ဆံပင်စုတ်ဖွားနဲ့ အမယ်အို တစ်ယောက်ကို တွေ့လိုက်ရတယ်။

အမယ်အိုကို မြင်တော့ အောင်မြတ်သာက...

"ကျုပ်လွယ်အိတ်ကို ဘာကြောင့်မို့ ဆွဲထားရတာလဲ"

"ဆရာလေး ဒီအတိုင်းတော့ ထွက်မသွားပါနဲ့ ဦး ဒီနေရာမှာ ဖြစ်နေတဲ့ အခက်အခဲလေး တွေကို ကူညီ ဖြေရှင်းပေးသွားလို့ တောင်းဆိုချင်ပါတယ်"

"ဒီနေရာမှာ က ဘယ်လို အခက်အခဲတွေ ဖြစ်နေလို့ လဲ"

"အရင်က ဒီရွာမှာ အခုလို အဖြစ်တွေ မကြုံခဲ့ဘူး လွန်ခဲ့တဲ့ သုံးလလောက်မှာ ဟိုဘက်ရွာကို ကျောင်းထိုင် ဘုန်းကြီးတစ်ပါး အသစ် ပြောင်းလာတယ် အသစ်ရောက်လာတဲ့ ဘုန်းကြီးက မနက်တိုင်း ညတိုင်း ပ

ဥာန်းအကျယ်ကို အသံချဲ့စက်ကြီးနဲ့ ရွတ်ဖတ်ပါတယ် ဒါက ကောင်းတဲ့ အလုပ် ဖြစ်ပေမဲ့ ဘုန်းကြီး ကျောင်းထဲမှာ ရှိတဲ့ နာနာဘာဝတွေ အတွက်တော့ မကောင်းဘူးပေါ့ ကျောင်းထိုင် ဘုန်းကြီးရဲ့ သီလသိက္ခာသမာဓိ ကလည်း ကောင်းနေတော့ ကျောင်းဝင်းထဲမှာ ဘယ်နာနာဘာဝမှ မနေရဲတော့ပဲ နီးစပ်ရာ ရွာတွေထဲ ဝင်လာကြတယ် ရွာတော်ရှင်တွေက တချို့ နာနာဘာဝတွေကို မောင်းထုတ်လို့ ရပေမဲ့ နှစ်ကြာနေတဲ့ နာနာဘာဝတွေကိုတော့ မောင်းထုတ်လို့ မနိုင်ခဲ့ဘူး ခုနက လူအုပ်ကြီးကို ဆရာလေး မြင်ခဲ့တယ်မလား အဲဒါက နာနာဘာဝတွေ ဝင်ပူးပြီး အစာရေစာ တောင်းနေတာ"

"အမယ်ကြီးက ဒီရွာရဲ့ ဘယ်နားမှာ နေတာလဲ"

"ကျွန်မက ခုနက ဆရာလေး ဝင်လာတဲ့ ရွာထိပ်မှာ နေတာပါ ရွာက လူတွေကတော့ အဖွားစိမ်းလို့ ခေါ်ကြတယ် "

"အမယ်ကြီးကရော သူတို့ ကို မကူညီနိုင်ဘူးလား"

"အခုဖြစ်နေတာတွေ အားလုံးကို ကူညီနိုင်တဲ့ အစွမ်း မရှိသေးပါဘူး ကျွန်မက သာမန် အဆင့်လောက်ရှိတဲ့ နာနာဘာဝတွေကိုပဲ မောင်းထုတ်နိုင်တာပါ"

"ကျုပ်နားလည်ပြီ ခရီးဆက်စရာ ရှိနေပေမဲ့လည်း ဒီရွာရဲ့ အခက်အခဲတွေကို အတတ်နိုင်ဆုံး ကူညီခဲ့ပါမယ် အမယ်ကြီးလည်း ကိုယ့်နေရာကိုယ်ပြန်လိုက်ပါဦး လိုအပ်ရင် အမယ်ကြီးဆီ ကျုပ်ထပ် လာခဲ့ပါမယ်"

"ကျေးဇူးတင်လိုက်တာ ဆရာလေးရယ် ကျွန်မတတ်နိုင်သလောက် ကူညီပါ့မယ် "

အောင်မြတ်သာလည်း အရှေ့ကို ဆက်မဲ့ ခြေလှမ်းတွေကို

ပြန်ရုတ်ပြီး လူအုပ်နားကို မယောင်မလည် ပြန်လာခဲ့လိုက်တယ်။